# Smart Saving 5/2 Life Insurance

တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ

ဝင်ငွေအလယ်အလတ် နှင့် အထက်ရှိသော မြန်မာနိုင်ငံသားများ နှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ အတွက် အကြောင်းမျိုးမျိုးကြောင့် သေဆုံးသဖြင့်ခံစားရမည့် ငွေကြေးအခက်အခဲများကို အကာအကွယ်ပေးမည့် အပြင် အခြားသော စုဆောင်းမှု အကျိုးခံစားခွင့် ပြန်လည်ရရှိနိုင်သော အာမခံအမျိုးအစားဖြစ်ပါသည်။

အာမခံထားနိုင်ခွင့်ရှိသူ - အသက် (၅) နှစ် မှ (၆၅) နှစ် အတွင်းရှိသူများ။

(အသက် (၅)နှစ်မှ (၁၈)နှစ် အတွင်းရှိသူများကို မိဘ (သို့) အုပ်ထိန်းသူမှ ထားပေးရမည်။

အာမခံထားငွေ - ကျပ်သိန်း (၃၀) မှစ၍ အများဆုံး အမေရိကန် ဒေါ်လာ (၁၅,၀၀၀) နှင့် ညီမျှသော မြန်မာကျပ်ငွေ ပမာဏ။

အာမခံသက်တမ်း - (၅) နှစ်။

ပရီမီယံနှုန်း - အာမခံထားသူ၏ အသက်၊ အာမခံထားငွေပေါ်မူတည်၍ တွက်ချက်ပေးဆောင်ရပါမည်။ ပရီမီယံကို (၁)လ၊ (၃)လ၊ (၆)လ၊ (၁)နှစ် စသည့်ဖြင့် အရစ်ကျ ပေးသွင်းနိုင်ပါသည်။

*** ကျန်းမာရေး စစ်ဆေးရန် မလိုအပ်ပါ ***

တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ ထားခြင်းဖြင့် ရရှိနိုင်သော အကျိုးခံစားခွင့်များမှာ

(၁) ရှင်သန်မှုအကျိုးခံစားခွင့်

ပေါ်လစီရှင်သည် ပေါ်လစီနှစ်အတွင်း အောက်ပါ ဇယားအတိုင်း ရှင်သန်မှု အကျိုးခံစားခွင့်များ ရရှိမည် ဖြစ်ပါသည်။

| စဉ် | ပေါ်လစီနှစ်အကုန် | ကနဦး အာမခံထားငွေ၏ % |
|---|---|---|
| ၁ | (၁) နှစ် မှ (၂) နှစ် | ၅ % |
| ၂ | (၃) နှစ် မှ (၄) နှစ် | ၁၀ % |

(၂) နှစ်စေ့အကျိုးခံစားခွင့်

အာမခံထားသူသည် ပေါ်လစီတွင်ဖော်ပြထားသည့် သက်တမ်းစေ့ရောက်သည့်နေ့တွင် အာမခံထားငွေ ကို တစ်လုံးတည်း ထုတ်ယူနိုင်ပါသည်။ ကနဦးအာမခံထားငွေ၏ (၂၁၀ %) ရရှိမည် ဖြစ်ပါသည်။

(၃) သေဆုံးမှုအကျိုးခံစားခွင့်နှင့် မတော်တဆ သေဆုံးမှု အကျိုးခံစားခွင့်

အာမခံသက်တမ်း အတွင်း အာမခံထားသူသေဆုံးပါက အောက်ပါ အတိုင်း အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါမည်။

(၁) သေဆုံးမှု အကျိုးခံစားခွင့်

| စဉ် | ပေါ်လစီနှစ်အတွင်း | ကနဦး အာမခံထားငွေ၏ % |
|---|---|---|
| ၁ | (၁) နှစ် | ၁၀၀ % |
| ၂ | (၂) နှစ် မှ (၅) နှစ် | ၂၀၀ % |

(၂) မတော်တဆသေဆုံးမှု အကျိုးခံစားခွင့်

| |
|---|
| ပေါ်လစီနှစ်အတွင်း သေဆုံးပါက အာမခံထားငွေကို ထုတ်ပေးပါမည်။ |

(၄) အမ်းငွေထုတ်ယူနိုင်ခြင်း

အာမခံထားသူသည် ပရီမီယံပေးသွင်းမှု (၁) နှစ် ပြည့်ပြီးနောက် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်ကို ဖျက်သိမ်း၍ အမ်းငွေဇယားပါနှုန်းအတိုင်း ရခွင့်ရှိသည့် အမ်းငွေ ကိုအာမခံထားသူသို့ ထုတ်ပေးပါသည်။

(၅) ပေါ်လစီ စာရင်းပိတ် အကျိုးခံစားခွင့်

အာမခံထားသူတစ်ဦးအနေဖြင့် ပရီမီယံပေးသွင်းမှု (၁) နှစ် ပြည့်ပြီးနောက် အတည် ဖြစ်ပြီးသော ပေါ်လစီတစ်စောင်ကို ပရီမီယံ ဆက်လက်မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်ပြီး ပေါ်လစီတွင် ဖော်ပြထားသည့် သက်တမ်းစေ့ ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို အာမခံထားသူသို့ ထုတ်ပေးပါသည်။ အကယ်၍ ထိုထက်စော၍ အာမခံထားသူသေဆုံးလျှင် အကျိုးခံစားခွင့် ရှိသူသို့ထုတ်ပေးပါမည်။

(ဖ) ချေးငွေရယူနိုင်ခြင်း

အာမခံထားသူတစ်ဦးအနေဖြင့် ပရီမီယံပေးသွင်းမှု (၁) နှစ် ပြည့်ပြီးနောက် အတည်ဖြစ်ပြီးသောပေါ်လစီတစ်စောင်မှ ချေးငွေရယူနိုင်သည့် အကျိုးခံစားခွင့်ရှိပါသည်။

**အကျိုးခံစားခွင့်မရရှိနိုင်သည့် ကိစ္စများ**

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စရပ် တစ်ခုခုကြောင့် သေဆုံးခြင်း (သို့မဟုတ်) မတော်တဆ သေဆုံးမှု အကျိုးခံစားခွင့် တို့ကို မပေးချေပါ။ သို့သော် ပေးသွင်းထားသော စုစုပေါင်း ပရီမီယံ ကို သာ ပြန်လည်ပေးအပ်မည် ဖြစ်ပါသည်။

(က) အာမခံစသည့်နေ့မှ (၁) နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်း။

(ခ) ပေါ်လစီရှင်၏ တမင်ရည်ရွယ်လုပ်ဆောင်မှုဖြစ်ခြင်း။

(ဂ) အာမခံထားသူက ရာဇဝတ်မှုကျူးလွန်ခြင်း၊ ဥပဒေ ချိုးဖောက်ခြင်း။

(ဃ) မူးယစ်ဆေးဝါး (သို့မဟုတ်) ဘေးအန္တရာယ်ဖြစ်စေသော ဆေးကိုသုံးစွဲခြင်း။

(င) စစ်ဖြစ်ပွားခြင်း (စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ)၊ စစ်အသွင် တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ်(သို့) လူထု အုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ခြင်း၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူသောင်းကျန်းခြင်း၊ ၎င်းတို့ကို ဖြစ်ပေါ်စေသော အကြောင်းအရင်းများ (သို့) ၎င်းတို့၏ အကျိုးဆက်ကြောင့် သေဆုံးခြင်း။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ် များသို့ လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။